အမျိုးသားလွှတ်တော်



# Info Note Vol (2)

( ၁၄ - ၅ - ၂၀၁၈) ရက်နေ့မှ ( ၂၁- ၅ -၂၀၁၈) ရက် နေ့အတွင်း အမျိုးသားလွှတ်တော်၏ လုပ်ရှားဆောင်ရွက်မှုသတင်းအနှစ်ချုပ်ဖြစ်ပါသည်။

| | |
|---|---|
| ပြည်သူ့အသံ | လွှတ်တော်အသံ |
| ပြည်သူ့ဆန္ဒ | လွှတ်တော်ဆန္ဒ |
| ပြည်သူတို့မျှော်လင့်ချက် | လွှတ်တော်ကဖော်ဆောင်ရွက် |

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း ကယားပြည်နယ် လွှတ်တော်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲတက်ရောက်



ကယားပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို(၁၉.၅.၂၀၁၈)ရက်နေ့ နံနက် ၇ နာရီတွင် လွိုင်ကော်မြို့ လေယာဉ်ကွင်းအနီးရှိ အဆိုပါလွှတ်တော်အဆောက်အအုံ၌ ကျင်းပရာ အမျိုး သားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက် ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကဒီမိုကရေစီစနစ်တွင် လွှတ်တော်၏ကဏ္ဍမှာ အလွန်အရေးပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုကို လျှောက်လှမ်းနေသည့် အချိန်အခါတွင် မိမိတို့ ဒေသခံ ပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအတွက် ယနေ့ဖွင့်လှစ်သည့် ကယားပြည်နယ် လွှတ်တော် အဆောက်အအုံမှာ စည်းလုံးမှုနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ်မီးမောင်း ထိုးပြ ခြင်းပင်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း ပြည်နယ်အထိမ်းအမှတ် ငွေတောင်ဆည်၊ တောင်ကွဲစေတီ၊ လောပိတရေတံခွန်တို့အပြင် ယခု ပြည်နယ်ဂုဏ်ဆောင် လွှတ်တော် အဆောက်အအုံကြီး ပေါ်ပေါက် လာခြင်းအတွက် များစွာဂုဏ်ယူပါကြောင်းပြောကြားသည်။ ယင်းနောက် ကယားပြည်နယ်လွှတ်တော် အဆောက်အအုံ သစ်ကို အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၊ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆောက်အအုံ သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမျိုးသားလွှတ်တော်ရုံး၊သုတေသန၊ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှထုတ်ဝေပါသည်။

## ရက်စွဲမှတ်တမ်း

**၁၄.၅.၂၀၁၈**
- အဋ္ဌမပုံမှန်အစည်းအဝေး၊ပထမနေ့(မေးခွန်း- ၅၊ ဥပဒေကြမ်းဆွေးနွေး-၁)

**၁၅-၅-၂-၁၈**
- အဋ္ဌမပုံမှန်အစည်းအဝေး၊ဒုတိယနေ့(မေးခွန်း- ၅၊ အစီရင်ခံစာဖတ်- ၁)
- World Bank မှစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအားလာရောက်တွေ့ဆုံ

**၁၆-၅-၂၀၁၈**
- အဋ္ဌမပုံမှန်အစည်းအဝေး၊တတိယနေ့(မေးခွန်း- ၅၊အစီရင်ခံစာဖတ်- ၁၊အဆို- ၁)
- အမျိုးသားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ NDI ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

**၁၇-၅-၂၀၁၈**
- အဋ္ဌမပုံမှန်အစည်းအဝေး၊စတုတ္ထနေ့(မေးခွန်း- ၅၊အစီရင်ခံစာဖတ်- ၁)
- အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းဆိုင်ရာကော်မတီ အစည်းအဝေး

**၁၈-၅-၂၀၁၈**
- UNFPA မှ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအားလာရောက်တွေ့ဆုံ

**၁၉-၅-၂၀၁၈**
- အမျိုးသားလွှတ်တော်၊ဥက္ကဋ္ဌ ကယားပြည်နယ်လွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်

## (၁၄-၅-၂၀၁၈)မှ(၂၁-၅-၂၀၁၈)ရက်နေ့အတွင်း

| | |
|---|---|
| ဥပဒေကြမ်းဆွေးနွေးခြင်း | သိပ္ပံနည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်း |
| အစီရင်ခံစာဖတ်ကြားခြင်း | မြန်မာနိုင်ငံသမိုင်းအဖွဲ့ဥပဒေကြမ်း<br>သစ်တောဥပဒေကြမ်း<br>အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို<br>ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း |
| အဆိုတင်သွင်းခြင်း | ဦးလှဆန်း၊မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁) |
| ကြယ်ပွင့်ပြမေးခွန်း | ၂၀ |
| ကြယ်ပွင့်မပြမေးခွန်း | ၁၉ |

အမျိုးသားလွှတ်တော်သို့ ပြည်တွင်းဧည့်သည် (၁၂၇)ဦးလာရောက်လေ့လာခဲ့ပါသည်။

အမျိုးသားလွှတ်တော်သတင်းများအားအမျိုးသားလွှတ်တော် Website: www.amyotha.hluttaw.mm တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌ H. E. Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား (၂၁.၅.၂၀၁၈)ရက်နေ့ (၁၄၀၀) နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဆောင် Talk Room ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံကြား ပြည်သူချင်း၊ အစိုးရချင်း၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အတွေ့အကြုံများ မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် CPPCC ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် National Democratic Institute (NDI) မှ အကြီးတန်းဌာနေကိုယ်စားလှယ် Ms.Ans Zwerver နှင့် လွှတ်တော်ဆိုင်ရာ အကြီးတန်းအကြံပေး Mr. Edmond Efendijia တို့ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် National Democratic Institute (NDI) မှ အကြီးတန်းဌာနေကိုယ်စားလှယ် Ms.Ans Zwerver နှင့် လွှတ်တော်ဆိုင်ရာ အကြီးတန်းအကြံပေး Mr. Edmond Efendijia တို့ ဦးဆောင်သောအဖွဲ့အား (၁၆.၅.၂၀၁၈)ရက်နေ့ (၁၃:၃၀) နာရီအချိန်တွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး NDI ၏ ဆက်လက်ဆောင်ရွက်ရန်ရှိသော လွှတ်တော်အထောက်အကူပြုရေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

## ကော်မတီများ၏ လှုပ်ရှားမှုများ

- **အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ** ဥက္ကဋ္ဌ ဒေါက်တာမြသောင်းနှင့် ကော်မတီဝင်များအား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်၊ UNFPA ၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms.Laura Londen နှင့် UNFPA အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Bjorn Adersson တို့အဖွဲ့က (၁၈.၅.၂၀၁၈)ရက်နေ့ (၁၁:၀၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင် အမှတ်(I-20) ကော်မတီအစည်းအဝေးခန်းမ၌ လာရောက် တွေ့ဆုံ သည်။ ယင်းသို့တွေ့ဆုံရာတွင် UNFPA ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms.Laura Londen နှင့် UNFPA အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr.Bjorn Adersson တို့ အဖွဲ့က “မျိုးဆက်ပွား ကျန်းမာရေးနှင့် ကျား/မရေးရာ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ” ရှင်းလင်း ဆွေးနွေး ပြောကြား ပါသည်။

- **အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ** ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၇.၅.၂၀၁၈)ရက်နေ့ (၁၁:၀၀)နာရီအချိန်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသည့် INGOs အဖွဲ့အစည်းများနှင့် တွေ့ဆုံနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပါသည်။

- **အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** အား ရေးရာဆောင်အမှတ် (I-14) အစည်းအဝေးခန်းမ၌ (၁၅.၅.၂၀၁၈)ရက်နေ့ (၁၃:၀၀)နာရီတွင် The World Bank’s Country Environment Analysic(CEA) အကြံပေးအဖွဲ့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ ညှိနှိုင်းဆွေးနွေးပွဲကို (၁၄:၃၀) နာရီတွင် ရပ်နားခဲ့ပါသည်။

- **အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ** ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျည်းသည့်အစည်းအဝေးကို (၁၅.၅.၂၀၁၈) ရက်နေ့ (၁၁:၁၅)နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်၊ ရေးရာဆောင်အမှတ် (I-18) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပပါသည်အစည်းအဝေးတွင် စင်ကာပူနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများအား ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် ကော်မတီအဖွဲ့ဝင် တပ်မတော် သား ကိုယ်စားလှယ် ဗိုလ်မှူးဇဝနတို့မှ ဦးဆောင်ဆွေးနွေးပါသည်။။